မင်္ဂလာပါရှင် . . . ဒီတစ်ပတ် ဘ၀အတွက် လင်းရောင်ခြည်မှာ ကျမတို့ကို အလင်းပေးမယ့် အရှင်သူမြတ် ပုပ်ဖရန့်စစ်ရဲ့ မင်္ဂလာသတင်းစကားလေးကတော့ "**ရန်မထောင်မိအောင် မှန်ထောင်ကြည့်ပါ**" ဆိုတဲ့ ခေါင်းစဉ်လေးနဲ့ ဆလေးရှင်းအသင်းဂိုဏ်းမှ ကိုရင် ပါစကားသီကိုရှင်းက ဘာသာပြန်ကိုးကားရေးပို့ထားတာလေးကနေ ကောက်နှုတ်တင်ဆက်ပေးသွားမယ်နော်။ သောတရှင်မိတ်ဆွေများရှင် သူတစ်ပါးကို ဝေဖန်ဆုံးဖြတ်ပြီး အပြစ်ဖို့ လက်ညှိုးထိုးရတဲ့ အလုပ်ဟာ တကယ်တော့ လူတွေ မသိဘဲ၊ သတိမထားမိဘဲနဲ့ အလွယ်တကူ ပြုလုပ်တတ်ကြတဲ့ အလုပ်တစ်ခုပါ။ သူတစ်ပါးရဲ့ အောင်မြင်မှုကို အပြုံးလေးနဲ့ မုဒိတာပွားပြီး လက်ဆွဲနှုတ်ဆက်ဖို့ကို ဘာကြောင့်မှန်းမသိ တွန့်ဆုတ်နေတတ်ကြပါတယ်။ ဂုဏ်ပြုချီးမွမ်းစကား ပြောပေးရမယ့်အချိန်မှာ နှုတ်ခမ်းတွေက အလိုလို ခြောက်သွေ့ ပိတ်ဆို့လိုက်ကြတယ်။ ကဲ့ရဲ့စကားပြောဖို့အတွက်ဆို လူတွေရဲ့ပါးစပ်က အလိုလိုနေရင်း ဖွင့်ဟစိုပြေနေကြပြန်ရော။ ချီးမွမ်းခြင်းနဲ့ ကဲ့ရဲ့ ခြင်းဆိုတာ ဒွန်တွဲရှိနေတာ မှန်ပေမဲ့ ကဲ့ရဲ့အပြစ်ဖို့ခြင်းကသာ အချိန်စီးစီးနဲ့ အလေးသာနေတတ်တာ သဘာဝလိုပါပဲ။ ဟုတ်ပါတယ် . . . လူတိုင်း လူတိုင်းက ကဲ့ရဲ့ခံရတာထက် ချီးမွမ်းခံရတာကိုပဲ ကြိုက်နှစ်သက်ကြတာပါ။ ဒါပေမဲ့ ကိုယ်ကိုပြုမူစေချင်တဲ့အတိုင်း သူတစ်ပါးကို ပြုမူဖို့ကျတော့ ခက်ခဲလွန်းနေတတ်ပါတယ်။ ကိုယ်က ချီးမွမ်းခံချင်ရင် သူတစ်ပါးကိုလည်း အသိမှတ်ပြုပေးဖို့လိုပါတယ်။ ကိုယ်က အကဲ့ရဲ့ အပြစ်ဖို့ မခံချင်ရင် သူတစ်ပါး ကိုလည်း နားလည် ခွင့်လွှတ်တတ်ဖို့လိုပါတယ်။ ဒီအတွက်ကြောင့်လည်း ခရစ်တော်ဘုရားရှင် ကိုယ်တော်တိုင်က သူများကို မဆုံးဖြတ်ကြဖို့ ရှင်မာတေဦး အခန်းကြီး ၇ အငယ် (၁ မှ ၅) မှာ ဆုံးမသွန်သင်ထားတော်မူခဲ့ပါတယ်။

ခရစ်တော်ဘုရားရှင်က အပြစ်ဖို့ ဝေဖန် အပုပ်ချခြင်း၊ သူတစ်ပါးကို စီရင်ဆုံးဖြတ်ခြင်းကို ရှောင်ရှားကြဖို့အတွက် မိန့်မှာထားခဲ့ပါတယ်။ "သင်တို့သည် စီရင်ဆုံးဖြတ်ခြင်း မခံရစေရန် သူတစ်ပါးကို စီရင်ဆုံးဖြတ်ခြင်း မပြုကြနှင့်။ အကြောင်းမူကား သင်တို့ စီရင် ဆုံးဖြတ်သည့်အတိုင်း သင်တို့သည်လည်း စီရင်ဆုံးဖြတ်ခြင်း ခံကြရလိမ့်မည်" လို့ ဆုံးမဟောကြားတော်မူခဲ့ပါတယ်။ မိမိတိုင်းတာတဲ့ ပမာဏ ပေတံအတိုင်း မိမိကိုယ်တိုင်လည်း တဖန် တိုင်းတာ ဆုံးဖြတ်ခံရမှာပါ။ ကိုယ့်ရဲ့စိတ်ထဲမှာ လူတစ်ယောက်ကို အပြစ်တင် ဝေဖန် ဖို့ စုံစမ်းနှောက်ယှက်ခြင်း ခံရတယ်ဆိုပါဦးတော့။ အလျင်စလို မဆုံးဖြတ်လိုက်ပါနဲ့။ရန်မထောင်ခင် မှန်ထောင်ပြီး မိမိကိုယ်ကို သေသေချာချာ ပြန်ကြည့်လိုက်ပါ။ အပေါ်ယံမျက်နှာဖုံးတွေကို ချွတ်ခွာပြီး အရောင်တွေမခြယ်သထားတဲ့ ကိုယ့်ရဲ့ အစစ်မှန် ရုပ်သဏ္ဌာန်ကို ရှင်းရှင်းလင်းလင်း မြင်အောင် အရင်ကြည့်လိုက်ပါ။ ကိုယ်ကရော အပြစ်နဲ့ ကင်းရဲ့လား၊ အားနည်းချက်တွေ မရှိဘူးလား ဆိုတာကို မှန်ကြည့် ပြီး အဖြေရှာကြည့်ဖို့ လိုအပ်တယ်ဆိုတဲ့အကြောင်း ကို ပုပ်ရဟန်းမင်းကြီး ဖရန့်စစ် အရှင်သူမြတ်က ( Santa Martha ) ဘုရားကျောင်းမှာ (. . . .) ဇွန်လ ၂၀ ရက်နေ့က မိန့်မှာ ဟောကြားခဲ့ပါတယ်။

ဘယ်သူကမှ တစ်ပါးသူကို စီရင်ဆုံးဖြတ်ခြင်း မပြုလုပ်သင့်ပါဘူး ။ ဘာကြောင့်လဲဆိုတော့ ဘုရားသခင်ရဲ့ အတိုင်းအဆမဲ့ သနား ကရုဏာတော်နဲ့ ဆုံးဖြတ်စီရင်ခြင်းသာလျှင် စစ်မှန်တဲ့ ဆုံးဖြတ်စီရင်ခြင်းဖြစ်တဲ့အတွက်ကြောင့်ပါ။ ဆက်လက်ပြီး ရှင်မာတေဦး ဧဝံဂေလိ ကျမ်းစောင်ထဲမှ သူတစ်ပါး၏

အပြစ်ကို စီရင်ဆုံးဖြတ် ခြင်းနဲ့ ပတ်သက်ပြီး ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်က ယခုလို မိန့်မှာ သွန်သင်ခဲ့ပါတယ် . . . . "ချစ်သားသမီးတို့ ယခုကြားခဲ့ကြတဲ့ ကျမ်းပိုဒ်ထဲမှာ ကျွန်ုပ်တို့ရဲ့ ခရစ်တော်သခင်ဟာ သူ့ရဲ့ သွန်သင်ဆုံးမချက်တွေနဲ့ ပတ်သက်ရင် သိပ်ကိုလေးနက် ပြတ်သားလွန်းပါတယ်။ တခါတလေကျတော့လည်း ကိုယ်တော်က လူတွေနားလည်သဘောပေါက် လွယ်ကူအောင် ဥပမာ သာဓက၊ ပုံပြင်အဖြစ်ပျက်လေးတွေသုံးပြီး ဆုံးမတော်မူပေမဲ့လည်း ဒီနေရာမှာတော့ ကိုယ်တော်ဟာ အင်မတန် ပြတ်သား ပါတယ်။ သွယ်ဝိုက်မနေဘဲ စီရင်ဆုံးဖြတ်ခြင်းဆိုတာ ဘုရားနဲ့ပဲ သက်ဆိုင်တယ်ဆိုတဲ့အကြောင်း ရှင်းရှင်းလင်းလင်း ဖော်ပြခဲ့လိုက်ပါတယ်။ သူများကိုဘယ်တော့မှ မဆုံးဖြတ်ပါနဲ့။ ဒါဆိုရင် သင်လည်းပဲ စီရင်ခံရမှာ မဟုတ်ဘူး။ သင်ကိုယ်တိုင်က ဆုံးဖြတ်စီရင်ခြင်းကို မခံယူချင်ဘူးဆိုရင် သူတစ်ပါးကို အဘယ်တွက်ကြောင့် ဆုံးဖြတ်နေရတာလဲ။ သင်စီရင်တဲ့ပမာဏအတိုင်း ပြန်လည်စီရင်ခြင်း ခံရလိမ့်မယ်" ဆိုပြီး မိမိ ခံရမယ့်စံနှုန်းအတိုင်းတာကအစ သခင်ခရစ်တော် မိန့်မှာတော်မူခဲ့ကြောင်းကို ပုပ်ရဟန်းမင်းကြီးက ဩဝါဒ မြွက်ကြားပေးခဲ့ပါတယ်။

သောတရှင် ဓမမိတ်ဆွေအပေါင်းတို့ရှင် . . . နောက်ဆုံးသော တရားစီရင်မယ့်နေ့ရောက်တဲ့အခါ ကျွန်မတို့ပြုခဲ့တဲ့ အရာတွေ ပြစ်မှားကျူးလွန်ခဲ့တဲ့ ဒုစရိုက်အမှားတွေအားလုံးကို ဘုရားသခင်က မေ့လျော့ဖြေလွှတ်ပေးပြီး ကြင်နာစွာနဲ့ ရင်ခွင်တော်မှာ ထွေးပိုက် ခိုလှုံခွင့်ကို အားလုံး တောင့်တမျှော်လင့်ကြမှာပါ။ အမှန်ပါပဲ . . . ကျွန်မတို့တွေဟာ ဘုရားရဲ့ သားသမီးတွေ ဖြစ်ကြတဲ့အလျောက် ဖခင်ရဲ့ ခွင့်လွှတ်ထွေးပိုက်မှုကိုပဲ လိုချင်ကြတာပါ။ ဒါပေမဲ့ ညီအကိုမောင်နှမတွေ ဖြစ်တဲ့ ကျွန်တော်တို့တွေဟာ တစ်ဦးနှင့်တစ်ဦး ဆုံးဖြတ် အပြစ်ရှာနေကြရင်တော့ ကိုယ်တိုင်းတဲ့ ပေတံနဲ့ ကိုယ်လည်းပဲ ပြန်လည်းတိုင်းတာ ခံရမယ်ဆိုတာ သတိပြုဖို့ လိုပါတယ်လို့ ပုပ်ရဟန်းမင်းကြီးက ယခုလို ခွန်အားပေးခဲ့ပါတယ်။

ဆက်လက်ပြီး သူတစ်ပါးကို စီရင်ဆုံးဖြတ်ခြင်းနဲ့ ပတ်သက်ပြီး အချက်သုံးချက်ကို မီးမောင်းထိုး ပြသသွားခဲ့ ပါတယ်။ ပထမအချက် အနေနဲ့ သူများကိုမဆုံးဖြတ် မစီရင်လိုက်ပါနဲ့။ ဒုတိယအချက်က မိမိတိုင်းတာဆုံးဖြတ်လိုက်တဲ့ ပမာဏအတိုင်း ကိုယ်လည်းပဲ စီရင်ခံရမယ်ဆိုတာ မမေ့လျော့ဖို့ပါ။ တတိယအချက်ကတော့ မိမိကိုယ်ကို မှန်ထောင်ပြီး ပြန်ကြည့်ကြည့်ပါ။ ကိုယ့်ကိုကိုယ် အရှိကို အရှိအတိုင်း တွေ့မြင်နိုင်ဖို့ကြိုးစားရမှာဖြစ်ပါတယ်။ ကျနော်တို့တတွေဟာ တခါတလေ ကိုယ့်ရဲ့ အရှိအတိုင်း အဖြစ်အတိုင်း ပြန်ကြည့်ဖို့အတွက် ခွန်အားမရှိကြပါဘူး။ ကိုယ့်ရဲ့အတွင်းစိတ်ကို မြင်တွေ့ရမှာ ကြောက်ရွံ့လေးလံနေတတ်ကြပါတယ်။ မိမိကိုယ်ကို အရင်ဆုံး ဆန်းစစ်ကြည့်မြင်ပြီးမှ သူတစ်ပါးကို ကြည့်မယ်ဆိုရင် အနီးအနားက သူငယ်ချင်းကို အလွယ်တကူ ဆုံးဖြတ်စီရင်ဝံ့မှာ မဟုတ်ပါဘူး။ ဒီအတွက်ကြောင့် ခရစ်တော်ဘုရားကဆုံးမခဲ့တာပါ။ ကိုယ့်ရဲ့ မျက်စိထဲက သစ်တုံးကြီးကို မမြင်ဘဲ ဘာကြောင့်သူများရဲ့ မျက်စိထဲက သစ်သားစကို ထုတ်ပေးပါရစေလို့ ပြောရဲရတာလဲဆိုပြီး သာဓကလေးနဲ့ ပညာပေးဆုံးမခဲ့ခြင်းပဲ ဖြစ်ပါတယ်။

အမှန်မှာတော့ သခင်ခရစ်တော်ဟာ ဒီအကြောင်းနဲ့ ပတ်သက်ပြီး ပြောတဲ့အခါမှာ ညင်သာသိမ်မွေ့မနေဘဲ ပြင်းထန်ပြတ်သားစွာ ဆုံးမလိုက်တာပါ။ သူတစ်ပါးကို စီရင်ဆုံးဖြတ်တဲ့ သူတွေကို သခင်ခရစ်တော်က သူတော်ကောင်း အယောင်ဆောင်သောသူတို့ ဆိုပြီး နာမည်တပ်ခေါ်ဆိုခဲ့ပါတယ်။ တကယ်တော့ သူတစ်ပါးကို

စီရင်ဆုံးဖြတ်တဲ့သူတွေဟာ လူတွေအားလုံးကို တရားမျှတစွာ စီရင်ဆုံးဖြတ်မယ့် ဘုရားရဲ့နေရာကို အစားထိုးယူလိုက်တာနဲ့ အတူတူပါပဲ။ မိမိကိုယ်ကို ဘုရားနေရာမှာ ထားလိုက်ပြီဆိုရင်တော့ ဘုရားရှင် သွန်သင်ထားတဲ့ နှုတ်ထွက်စကားတွေကိုလည်း လိုက်နာ ယုံကြည်သက်ဝင်တော့မှာ မဟုတ်ပါဘူး။ ဒါဟာ လူသားဖခင်ကြီး အာဒံကို စာတန်နတ်ဆိုး နှောက်ယှက်စဉ်က သွေးဆောင်ခဲ့တဲ့ ဖြားယောင်းမှု တစ်ခုပါပဲ။ အာဒံကို နှောက်ယှက်တုန်းက မြွေပုံစံနဲ့ နတ်ဆိုးက ရောက်လာပြီး ဒီအသီးကို စားရင် ဘုရားသခင်လို ဖြစ်လိမ့်မယ်လို့ လိမ်ညာဖြားယောင်း ခဲ့ပါတယ်။ ဘုရားလို ဖြစ်ချင်တဲ့ ပထမဆုံး လူသား အာဒံကြီးကလည်း နတ်ဆိုးနှောက်ယှက်မှုမှာ ကျဆုံးခဲ့ရပါတယ်။ ဒါကြောင့်မို့ သူတစ်ပါးကို ဆုံးဖြတ် စီရင်ခြင်းဟာ မှားယွင်းတဲ့အလုပ်တစ်ခုပါ။ ဆုံးဖြတ်စီရင်ပိုင်ခွင့်က ဘုရားနဲ့ပဲ သက်ဆိုင်ပါတယ်လို့ ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်က ထပ်မံ ပြောဆို လိုက်ပါတယ်။

သူတစ်ပါးကို ဆုံးဖြတ်စီရင်ဖို့ထက် ပိုပြီးအရေးကြီးတာက သူတစ်ပါးကို ချစ်ခြင်းမေတ္တာ ထားရှိခြင်း၊ နားလည် ခွင့်လွှတ်ပေးခြင်းနဲ့ ဆုတောင်းအားပေးခြင်းတို့ပဲ ဖြစ်ပါတယ်။ အမှားကို မဖြစ်မနေထောက်ပြဖို့ လိုအပ်တယ်ဆိုမှသာ မေတ္တာတရားနဲ့ အပြုသဘောဆောင် ထောက်ပြကူညီ ပေးရမှာပါ။ လူတိုင်းကို နေရာတိုင်းမှာတော့ ဘယ်တော့ ဘယ်တော့ မှ မဆုံးဖြတ်လိုက်ပါနဲ့။ သူများကို စီရင်ဆုံးဖြတ်လိုက်တာနဲ့ ငါတို့တွေလည်း သူတော်ကောင်း အယောင်ဆောင်ထားတဲ့ လူလိမ်လူညာကြီးတွေပါပဲ။

သောတရှင်အပေါင်းတို့ရှင် ခရစ်တော်ဘုရားရှင် မိန့်ကြားဆုံးမတော်မူခဲ့တဲ့ သူတစ်ပါးအပေါ်ဆုံးဖြတ်စီရင်ခြင်းကို ထောက်ရှုပြီး  ပုပ်ရဟန်းမင်းကြီး အရှင်သူမြတ်က သိုးထိန်းစကား ထပ်မံပြောကြားပေးခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ဟုတ်ပါတယ် . .  လူတွေရဲ့ စီရင်ဆုံးဖြတ်ခြင်းမှာ မေတ္တာတရားထက် အပြစ်ရှာတာက များတတ်ပါတယ်။ ဘုရားရဲ့ ဆုံးဖြတ် ခြင်းကတော့ အပြစ်မမြင်၊ ချစ်ချင်တာပဲ သိတဲ့ ကရုဏာပါတဲ့ ဆုံးဖြတ်ခြင်းပါ။ လူက လူတစ်ယောက်ကို အပြစ်ရှာ ဆုံးဖြတ်လိုက်တဲ့အချိန်မှာ ဘုရားကတော့ မေတ္တာနဲ့ သုံးသပ်နေဆဲပါပဲ။ အပြစ်ရှာ၊ မေတ္တာမပါတော့ ချစ်ရာမရောက် သစာဖောက်သလို ဖြစ်သွားတတ်ပါတယ်။ အမုန်းတစ်ချက်နဲ့ ဆုံးဖြတ်လိုက်ရင် နှလုံးအသက်ကို အဆုံးသတ်လိုက်နိုင်ပါတယ်။ ဒီအတွက်ကြောင့် အသင်းတော်က ကျင်းပနေတဲ့ ကရုဏာသနားခြင်း ဂျူဘီလီနှစ်မြတ်မှာ ဘုရားရှင်ရဲ့ ကရုဏာတော်ကို ခံစားထောက်ရှုပြီး သူတစ်ပါးကိုလည်း ကရုဏာပွားကာ မေတ္တာထားနိုင်ဖို့အတွက် ကြိုးစားကြပါစို့လို့ သောတရှင်များကို ယခုအပတ်ရဲ့ ဘဝအတွက် အလင်းရောင်ခြည်ကဏ္ဍကနေ ဆုတောင်းအားပေး လိုက်ပါတယ်။ သိုးထိန်းရှင် ပုပ်ရဟန်းမင်းကြီးအရှင်သူမြတ်ရဲ့ မင်္ဂလာသတင်းစကားများကနေ ဝိညာဉ်ခွန်အားများ ရယူနိုင်ကြပါစေလို့ ကျမ စစ်စတာရ် လူစီယားသန္တာအောင်က ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်ရှင် . . . ။